သင်ခန်းစာ ၈ - အင်စတီကျူးရှင်း အသွင်ကူးပြောင်းခြင်း

ပဟေဠိ: မလေးရှား အမျိုးသားရေး မဟာဗျူဟာ
မလေးရှား အမျိုးသားရေး မဟာဗျူဟာကေ့စ်သည် နိုင်ငံတစ်နိုင်ငံတွင် ကျယ်ပြန့်သော အင်စတီကျူးရှင်း အသွင်ကူးပြောင်းပုံကို မည်သို့ ပုံဖော်ပုံကို ဖော်ထုတ်ထားသော ကေ့စ်ဖြစ်သည်။ အောက်ပါ ပဟေဠိများကို ဖြေဆိုခြင်းဖြင့် ယခုအပတ်ခေါင်းစဉ်ကို နားလည်ရန် အထောက်အပံ့ပေးမည်ဖြစ်ပါသည်။

အသင့်တော်ဆုံး အဖြေကိုသာ ဖြေပါ။ အချို့အဖြေများသည် လုံးလုံးမှားသည်မဟုတ်သော်လည်း ထိုထက်ကောင်းမွန်သော အဖြေများ ရှိနေပါသည်။ ပဟေဠိများကို ဆွေးနွေးလပါက discussion forum သို့သွားပါ။ (quiz discussions ခေါင်းစဉ်အောက်တွင် ပဟေဠိအသစ်များကို တင်ပါ။)

၅ မှတ်

မေးခွန်း ၁
ဤအပတ် ဗွီဒီယိုများသည် ကျယ်ပြန့်သော အင်စတီကျူးရှင်း အသွင်ကူးပြောင်းရာတွင် အခွင့်အလမ်းများနှင့် မက်လုံးများ အရေးကြီးပုံကို ညွှန်ပြနေသည်။ အဆင့်မြင့်ခေါင်းဆောင်များအား ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရန် အကြောင်းတရားများကို အဖြစ်အပျက်များက ဖော်ပြနေသည်။

မလေးရှား ကေ့စ်တွင် နိုင်ငံရေးခေါင်းဆောင်များရင်ဆိုင်ရသည့် အောက်ပါတို့မှ မည်သည့်အခြေအနေများမှာ မက်လုံးများကို ပြောင်းလဲစေနိုင်သနည်း။

- က။ နိုင်ငံရေးပါတီအသစ်က ဆက်လက် ထိန်းချုပ်သည်။
- ခ။ မလေးရှားပြည်သူများသည် အစိုးရဂုန်ဆောင်မှုများနှင့် ပတ်သက်ပြီး အထင်မကြီးကြောင်း ဖော်ပြနေသည်။
- ဂ။ မဲပေးသူများသည် ၎င်းတို့ မကျေနပ်ကြောင်းကို မဲဆန္ဒမဲပုံးများမှတဆင့် ပြသလိုက်သဖြင့် လက်ရှိတာဝန်ယူထားသော နိုင်ငံရေးပါတီသည် ရွေးကောက်ပွဲတွင် အများစု ၃ပုံနှစ်ပုံခန့် မဲရှုံးခဲ့သည်။
- ဃ။ ၁၉ ၉ ၇-၉ ၈ ဘဏ္ဍာရေး အကြပ်အတည်းနောက်ပိုင်းတွင် တိုင်းပြည်၏ စီးပွားရေးအားနည်းမှုသည် ပြည်သူများ၏ လူနေမှုကို ထိခိုက်ပြီး အစောပိုင်းက ချမှတ်ခဲ့သော ဦးစားပေးမှုများပါသည့် ဗွီရှင်၂၀၂၀ကိုပြည့်မီရန် အစိုးရစွမ်းရည်ကိုလည်း ထိခိုက်သည်။

အဖြေ ခ၊ ဂ နှင့် ဃ။

မေးခွန်း ၂
အင်စတီးကျူးရှင်း စွမ်းရည်မြင့်တက်လာရန် မက်လုံးများရှိသော်လည်း အစိုးရခေါင်းဆောင်များသည် ဖြေရှင်းရန် ခက်ခဲနေကြသည်။ ဥပမာ အစိုးရသည် လိုအပ်သော အရည်အချင်းနှင့် ကျွမ်းကျင်မှုရှိသည့် ဂန်ထမ်းများ မရှိပေ။ မဟာဗျူဟာကို အကောင်အထည်ဖော်ရန် အချိန်ကာလနှင့် နောက်ထပ်စောင့်ကြည့်ရမည်တို့ကို ခက်ခဲနေသည်။ မလေးရှားကေ့စ်တွင် ဂန်ကြီးချုပ်သည် မည်သူထံမှ အကူအညီ တောင်းခံခဲ့သနည်း။

- ◯ က။ သူသည် အကြံပေးများကို ကူညီရန်နှင့် လုပ်ကိုင်ပေးရန်၊ အစိုးရမှ မပေးနိုင်သော အိုင်ဒီယာများ ပေးရန် အကူအညီ တောင်းခဲ့သည်။
- ◯ ခ။ သူသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပင်ကိုယ်စွမ်းရည်အား တောင်းခံခဲ့သည်။

ဂ။ သူသည် မလေးရှား နိုင်ငံရေးသမားများနှင့် ယခင်အတွေ့အကြုံရှိသော စီးပွားရေးသမားများအား မဟာဗျူဟာဖော်ဆောင်ရန် အကူအညီတောင်းခဲ့သည်။ ထိုသူများသည် ဝန်ကြီးဌာန အရာရှိများနှင့် ပြင်ပ အကြံပေးများထံမှ အကူအညီ ရယူခဲ့သည်။

အဖြေ။ ဂ

မေးခွန်း ၃

နာဂျစ်အစိုးရသည် မျှော်မှန်းချက်နှင့် ဦးစားပေးမှုများ ဖော်ဆောင်ရန် လုပ်ဆောင်ရာတွင် အောက်ပါတို့သည် မည်သို့ အကောင်းဆုံး ဖော်ပြသနည်း။

- က။ နာဂျစ်အစိုးရသည် ပြည်သူများ၏ မျှော်လင့်ချက်ကို ဖော်ထုတ်ရန် မျှော်မှန်းချက် လေ့ကျင့်ခန်း visioning exercise များ ပြုလုပ်ခဲ့ကြသည်။
- ခ။ နာဂျစ်သည် သူ၏ မဲဆွယ်စည်းရုံးရာတွင် "မလေးရှား - ပြည်သူပထမ၊ စွမ်းရည်အခု" ကို သုံးခဲ့သည်။
- ဂ။ နာဂျစ်အစိုးရသည် ဗွီရှင် ၂၀၂၀ လေ့ကျင့်ခန်းကို အစောပိုင်းတွင် လုပ်ဆောင်ခဲ့ပြီး ပြည်သူ့စစ်တမ်းများ ပြုလုပ်ခဲ့သည်။ ဝန်ကြီးဌာနများနှင့် အကြံပေးများ ပြုစုသော စီးပွားရေး ဆန်းစစ်ချက်များ ရေးဆွဲခဲ့သည်။ ဦးတည်ချက်များကို သဘောတူညီချက်ရရန် ကတ်ဘိနက်အလုပ်ရုံဆွေးနွေးပွဲများ အဆက်မပြတ်ပြုလုပ်ခဲ့သည်။ ဝန်ကြီးချုပ်၏နေရာကိုလည်း အသုံးချခဲ့ကြသည်။ ထိုအိုင်ဒီယာများကို ပြည်သူများနှင့် တွေ့ဆုံသည့် မြို့တော်ခန်းမ အစည်းအဝေးများတွင် စမ်းသပ်ခဲ့ကြသည်။
- ဃ။ ၎င်းသည် ဦးတည်ချက်များ ဖော်ထုတ်ရန် ကတ်ဘိနက် အလုပ်ရုံဆွေးနွေးပွဲများ၊ စမ်းသပ်ခန်းများ၊ မြို့တော်ခန်းမ စည်းဝေးပွဲများ ပြုလုပ်ခဲ့သည်။

အဖြေ ဂ

မေးခွန်း ၄

ဝန်ကြီးများနှင့် ဌာန ဦးဆောင်သူများတွင် ၎င်းတို့ ကိုယ်ပိုင် ဦးစားပေးမှုများ ရှိနေသည်။ မဟာဗျူဟာတစ်ခုရေးဆွဲရာတွင် ဦးဆောင်သူ အစိုးရသည် ပြည်သူမျှော်လင့်ချက်များကို ဖော်ဆောင်မည့် ဦးစားပေးမှု အနည်းငယ်ကို ဖော်ထုတ်ကြရမည်။ ၎င်းတို့မှာ အလုပ်အကိုင်၊ ရာဇဝတ်မှု လျော့ကျရေးနှင့် မညီမျှမှုများ ကျဆင်းရေးတို့ဖြစ်သည်။

အောက်ပါတို့မှ မည်သည့်နည်းလမ်းတစ်ခုသည် ဦးဆောင်အဖွဲ့က ဝန်ကြီးများအကြားတွင် သဘောတူညီချက်ရအောင် လုပ်ဆောင်ရာတွင် ကျင့်သုံးခဲ့သနည်း။

- က။ ဝန်ကြီးများအကြားတွင် ဦးစားပေးမှုများအား သဘောတူညီမှုတစ်ခုရရန် ခေါင်းဆောင်အဖွဲ့သည် ဝန်ကြီးများအား အဆိုပြုလွှာများကို အမည်မပါဘဲ မဲပေးသည့် နည်းပညာကို အသုံးပြုခဲ့သည်။ အဖွဲ့သည် တူညီသော အကြံပြုလွှာ တစ်ခုကို မဲမပေးမီ ရလာဒ်များကို ဆွေးနွေးရန် ဖော်ပြခဲ့သ်ည။ ဝန်ကြီးချုပ်သည် အဖွဲ့အား အားအနည်းဆုံးအချက်ကို အရင်ဖယ်ရှားစေခြင်းဖြင့် စာရင်းနည်းသွားအောင် ပြုလုပ်ရန် တိုက်တွန်းခဲ့သည်။
- ခ။ နာဂျစ်အစိုးရသည် delivery unit အဖြစ် အထူးကော်ပိုရေးရှင်းတစ်ခုကို ဖန်တီးခဲ့သည်။
- ဂ။ နာဂျစ်အစိုးရသည် Open Day ဟုခေါ်သည့် မြို့တော်ခန်းမ ဖိုရမ်များကို ထောက်ပံ့ပေးခဲ့သည်။

အဖြေ။ က

မေးခွန်း ၅

ကတ်ဘိနက်သည် အဓိက ရည်မှန်းချက် ၆ခုရှိပြီး ရာဇဝတ်မှုကျဆင်းရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ကျောင်းသားများ ရလာဒ်ကောင်းမွန်လာရေး၊ ဝင်ငွေနည်းသော အိမ်ထောင်စုများ၏ လူနေမှု မြှင့်တင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မြို့ပြ သယ်ယူပို့ဆောင်ရေးတို့ဖြစ်သည်။ Koh နှင့် Idris Jala တို့သည် စီမံကိန်းရေးဆွဲခဲ့ကြသည်။ သို့သော် မဟာဗျူဟာများမှာ နောက်ဆက်တွဲလုပ်ဆောင်မှု မရှိသောကြောင့်

ကျရှုံးခဲ့ရသည်။

အောက်ပါတို့မှ မည်သည့်အချက်သည် နာဂျစ်အစိုးရက ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရာတွင် မလုပ်ဆောင်ခဲ့သော အဆင့်ဖြစ်သနည်း။ (မှတ်သားရန်မှာ အစိုးရသည် အောက်ပါအချက်များ အားလုံးကို လုပ်ခဲ့သည်။ သို့သော် ၄င်းတို့အားလုံးမှာ ဆက်လက်လုပ်ဆောင်ရန်များနှင့် တိုက်ရိုက်မဆက်စပ်ပါ)

က။ အစိုးရသည် မီဒီယာကို တိုးတက်မှု စောင့်ကြည့်ရန် တိုက်တွန်းခဲ့သည်။

ခ။ ကတ်ဘိနက်သည် Pemandu အား ဝန်ကြီးချုပ်ဌာနအတွင်း delivery unit တစ်ခုအ ဖြစ် ကော်ပိုရေးရှင်းအား ဖွဲ့စည်းပြီး စွမ်းဆောင်ရည် ညွှန်ကိန်းများ၊ တိုးတက်မှု တိုင်းတာခြင်းများနှင့် အခက်အခဲနှင့် ပြဿနာများ ဖြေရှင်းရန် ကြိုးစားခဲ့သည်။

ဂ။ စမ်းသပ်ခန်းများ ကို Idris ဆောင်ပုဒ်ဖြစ်သော ကြီးကြီးမြန်မြန်ရလာဒ်များရလာရန် ၁၃၁ ဂင်ချက်ပါသော စီမံကိန်းများအဖြစ် သတ်မှတ်သည်။

ဃ။ Pemandu သည် စာမျက်နှာ ၂၆၀ ပါသော စာအုပ်ဖြစ်သည့် အစိုးရ အသွင်ကူးပြောင်းရေး လမ်းညွှန်မြေပုံကို ပြင်ဆင်ခဲ့ပြီး ၄င်းကို ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်အောင် ပြုလုပ်ခဲ့သည်။ သို့မှသာ အစိုးရအတွင်းနှင့် အပြင်မ လူအများသည် ရည်မှန်းချက်များနှင့် စီမံကိန်းကို သိရှိနိုင်မည်ဖြစ်သည်။

အဖြေ ဂ